## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
တတိယနေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်**

**( ၂၀၁၉ ခုနှစ်၊ မေလ ၃ ရက် )**

**[ သောကြာနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ်ကို ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

### အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၂)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၅.၇၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြား လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၃။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ ၃-၅-၂၀၁၉ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းကြိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ သုတေသနအစည်းအဝေးတက်ရောက်ရန်။ ဦးမောင်ကျော်ဇံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကွင်းဆင်းဆောင်ရွက်ရန်။ ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် စောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ပဲ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂၁)ဦးနဲ့ ယနေ့ ခွင့်ပန်ကြားသူ (၁၁)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၃၂)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ ( ၃၂)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီတွင် အဖွဲ့ဝင်နေရာ အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီတွင် အဖွဲ့ဝင် အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြပါမယ်။

အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီတွင် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်သက်နိုင် အစား ဗိုလ်မှူးချုပ်ညွှန့်ဆွေ အား အဖွဲ့ဝင်အဖြစ် အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီတွင် အဖွဲ့ဝင် အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီတွင် အဖွဲ့ဝင် အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀:၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းမယ့် မေးခွန်းများဟာ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့တွင် တည်ရှိသော ကျွဲပွဲ – မြို့စိုး – ဇရပ်ကြီး လမ်းပိုင်းနှင့် ၎င်းလမ်းပေါ်ရှိ တံတားများအား ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၀၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး က ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့တွင် တည်ရှိသော ကျွဲပွဲ – မြို့စိုး – ဇရပ်ကြီး လမ်းပိုင်းနှင့် ၎င်းလမ်းပေါ်ရှိ တံတားများအား ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေး

နှစ်တွင် ပြီးစီးအောင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၉။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ မဲဆန္ဒနယ်များ ဖြစ်တဲ့ အုတ်တွင်းမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့ကို စစ်တောင်းမြစ်ဖြင့် ပိုင်းခြားထားပါတယ်။ ထန်းတပင်မြို့နယ်ဟာ စစ်တောင်းမြစ်ရဲ့ အရှေ့ဘက်ကမ်းမှာ တည်ရှိပြီးတော့ အုတ်တွင်းမြို့နယ်ကတော့ စစ်တောင်းမြစ်ရဲ့ အနောက်ဘက်ကမ်းမှာ တည်ရှိပါတယ်။ စစ်တောင်းမြစ်ကူးတံတား မရှိခဲ့သည့်အချိန်ကဆိုလျှင် စစ်တောင်းမြစ်အရှေ့ဘက်ကမ်းရှိ မြို့ရွာများနှင့် အနောက်ဘက်ကမ်းရှိ မြို့ရွာများမှ ဒေသခံပြည်သူများဟာ တစ်ဖက်နှင့်တစ်ဖက် ကူးလူးဆက်သွယ်ရေးမှာ အခက်အခဲရှိခဲ့ကြတဲ့အတွက် ကုန်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိတဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုကိစ္စရပ်များမှာ များစွာနောက်ကျခဲ့ရပါတယ်။ ကျွန်တော့်အနေဖြင့် ကျွန်တော်၏ ပထမအကြိမ် လွှတ်တော်သက်တမ်းမှာ အမျိုးသားလွှတ်တော်မှတစ်ဆင့် ထန်းတပင် - မြင်းစု စစ်တောင်းမြစ်ကူးတံတားကို တင်ပြတောင်းခံခဲ့ရာ အုတ်တွင်းမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့ကို ဆက်သွယ်ထားတဲ့ စစ်တောင်းမြစ်ကူးတံတား အမှတ်(၃)ကို လက်ရှိအချိန်မှာ ဒေသခံပြည်သူများ အဆင်ပြေချောမွေ့စွာ အသုံးပြုနေလျက်ရှိကြပါတယ်။

ယခု ကျွန်တော်ရဲ့ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းမှာလည်း အမျိုးသားလွှတ်တော်မှတစ်ဆင့် တင်ပြတောင်းခံမှုကြောင့် အုတ်တွင်းမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့ကို ဆက်သွယ်ပေးမည့် ဒုတိယမြောက် စစ်တောင်းမြစ်ကူးတံတား (မြို့စိုး)တည်ဆောက်ခြင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့ (၁၀)က ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်ပြီး တာဝန်ယူ တည်ဆောက်လျက်ရှိပါတယ်။ ဤစစ်တောင်းမြစ်ကူးတံတား (မြို့စိုး)ဟာ အထူးသဖြင့် အုတ်တွင်းမြို့နယ်၊ ကျွဲပွဲဒေသနှင့် အနီးပတ်ဝန်းကျင် ကျေးရွာအုပ်စုများရှိ ဒေသခံပြည်သူများနှင့် ထန်းတပင်မြို့နယ်၊ ဇရပ်ကြီး၊ ကင်မွန်းချုံဒေသနှင့် အနီးပတ်ဝန်းကျင် ကျေးရွာရှိ ဒေသခံပြည်သူတို့ရဲ့ စိတ်ကူးယဉ် အိပ်မက်တစ်ခု ဖြစ်ခဲ့ပါတယ်။ အဆိုပါ ဒေသခံပြည်သူတို့ရဲ့ စိတ်ကူးယဉ်အိပ်မက်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့တဲ့ နိုင်ငံတော်အစိုးရနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနကိုလည်း ဒေသခံပြည်သူများရဲ့ကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါ

ကြောင်း မှတ်တမ်းတင် ပြောကြားလိုပါတယ်။ **Power Point** သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဒါကတော့ ကျွန်တော် တံတားတည်ဆောက်ရေးလုပ်ငန်းခွင်က မှတ်တမ်းပုံများဖြစ်ပါတယ်။ ကျေးဇူး တင်ပါတယ်။ ဒီတံတားတည်ဆောက်ရေးဟာ စီမံကိန်းရဲ့ (၇၀)ရာခိုင်နှုန်းလောက် ပြီးစီးနေပြီဖြစ် ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တံတားတည်ဆောက်ပြီး သည်နှင့်တစ်ပြိုင်နက် တံတားကိုဖြတ်လျက် ကျွဲပွဲ – မြို့စိုး – ဇရပ်ကြီးလမ်းကို ယာဉ်ကြီး၊ ယာဉ်ငယ်၊ ဆိုင်ကယ်၊ စက်ဘီး၊ ခြေလျင်ပါမကျန် များစွာ အသုံးပြုလာကြမှာဖြစ်ပါတယ်။ တံတားတည်ဆောက် ခြင်းစီမံကိန်းဟာ ၂၀၂၀ ခုနှစ် နှစ်ဆန်းပိုင်းတွင် ပြီးစီးမှာဖြစ်တယ်လို့ သိရပါတယ်။ ကျွဲပွဲမြို့မှ မြို့စိုး အထိ ကျွဲပွဲ – မြို့စိုး လမ်းပိုင်းဟာ (၂)မိုင်နှင့် (၃)ဖာလုံခန့်ရှိပြီး အဆိုပါ လမ်းပိုင်းပေါ်မှာ ကွန်ကရစ် တံတား (၁)စင်းနှင့် သစ်သားတံတား(၁)စင်း တည်ရှိပါတယ်။ ဇရပ်ကြီးမှ မြို့စိုးအထိ ဇရပ်ကြီး – မြို့စိုးလမ်းပိုင်းဟာ (၆)မိုင်နှင့် (၄)ဖာလုံခန့်ရှိပြီး အဆိုပါလမ်းပိုင်းပေါ်မှာ ဘေလီတံတား(၁)စင်း၊ သစ်သားတံတား(၆)စင်းနှင့် ကွန်ကရစ်တံတား(၂)စင်းတို့ တည်ရှိပါတယ်။

သို့သော်ငြားလည်း ကျွဲပွဲ – မြို့စိုး – ဇရပ်ကြီးလမ်းနှင့် ၎င်းလမ်းပေါ်ရှိ တံတားငယ်များ ကောင်းမွန်ခိုင်ခန့်ခြင်းမရှိပါက စစ်တောင်းမြစ်ကူးတံတားကြီး ပြီးစီးသွားသော်လည်း အသုံးပြုနိုင်မည် မဟုတ်ပါ။ တံတားနှင့်လမ်း တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ပြီးစီးမှသာလျှင် အဆိုပါ တံတားနှင့် လမ်းကို ဒေသခံပြည်သူများ အသုံးပြုနိုင်ကြမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဒေသခံပြည်သူများကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းလိုသည်မှာ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့တွင် တည်ရှိသော ကျွဲပွဲ – မြို့စိုး – ဇရပ်ကြီး လမ်းပိုင်းနှင့် ၎င်းလမ်းပေါ်ရှိ တံတားများအား ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးအောင် ဆောင်ရွက် ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် အစီအစဉ်ရှိပါက မည်ကဲ့သို့ ဆောင်ရွက်ပေးသွားမည်ကို သိရှိလို ပါသဖြင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

တံတားတည်ဆောက်ရေးလုပ်ငန်းခွင်မှ မှတ်တမ်းဓာတ်ပုံ၏ မြင်ကွင်းပုံ (ဃ)



တံတားတည်ဆောက်ရေးလုပ်ငန်းခွင်မှ မှတ်တမ်းဓာတ်ပုံ၏ မြင်ကွင်းပုံ (ဃ-၁)



တံတားတည်ဆောက်ရေးလုပ်ငန်းခွင်မှ မှတ်တမ်းဓာတ်ပုံ၏ မြင်ကွင်းပုံ (ဃ-၂)



**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်းဖြစ်သည့် ပိန္နဲချောင်း - ကြောင်စွယ်ဖြူလမ်း (၁၉)မိုင်ထဲမှ ကွန်ကရစ်လမ်း (၂)မိုင်၊ ကျောက်ချောလမ်း (၂)မိုင်နှင့် မြေသား လမ်း (၂)မိုင်တို့ကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်းဖြစ်သည့် ပိန္နဲချောင်း - ကြောင်စွယ်ဖြူလမ်း (၁၉)မိုင်ထဲမှ ကွန်ကရစ်လမ်း (၂)မိုင်၊ ကျောက်ချောလမ်း (၂)မိုင်နှင့် မြေသားလမ်း (၂)မိုင်တို့ကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၄။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဝန်ကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ ကျေးလက်၊ ကျေးရွာချင်းဆက်လမ်းနဲ့ ပတ်သက်တဲ့ မေးခွန်း တစ်ခုကို ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ် ကျောက်တော်မြို့နယ်တွင် ကျေးရွာပေါင်း(၂၈၃)ရွာ၊ လူဦးရေပေါင်း(၂၄၀၀၀၀)ကျော်ခန့် နေထိုင်တဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ မြို့နယ်အတွင်း ကျေးရွာများ ဆက်သွယ်သွားလာနိုင်ရန်အတွက် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးရန် လမ်း(၁၀)လမ်းကျော်လောက်ရှိမှာ ဖြစ်ပါတယ်။ ၎င်းလမ်းများထဲမှ ယခု ကျွန်တော်မေးမြန်းတဲ့ ပိန္နဲချောင်းကျေးရွာမှ ကြောင်စွယ်ဖြူကျေးရွာအထိ လမ်းမှာ (၁၉)မိုင်ရှည်လျားပြီး မြို့နယ်အတွင်း အရှည်ဆုံးလမ်းတစ်လမ်း ဖြစ်ပါတယ်။ ပိန္နဲချောင်း - ကြောင်စွယ်ဖြူလမ်းမှာ ကျေးရွာပေါင်း (၃၃)ရွာအထိ ပါဝင်နေပြီး လူဦးရေအထူထပ်ဆုံးနှင့် ကျေးရွာများ တစ်ဆက်တစ်စပ်တည်း အများဆုံးတည်ရှိတဲ့ ကျောက်တော်မြို့နယ် လူဦးရေရဲ့ သုံးပုံတစ်ပုံခန့် နေထိုင်တဲ့ ကိုယ်စားပြုတဲ့ လမ်းတစ်လမ်းဖြစ်ပါတယ်။

အဆိုပါလမ်းမှာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက စတင်ဖောက်လုပ်ခဲ့သော်လည်း ယခုတိုင် လမ်းကောင်းဖြင့် သွားလာ၍ မရရှိသေးပါ။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီး နောက်ပိုင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ မေးခွန်းမေးမြန်းခဲ့သော်လည်း ၂၀၁၆ - ၂၀၁၇

ဘဏ္ဍာနှစ်အတွင်း ကွန်ကရစ်လမ်း (၁)မိုင်ခန့်ကိုသာ ကျေးလက်ဘတ်ဂျက်ရန်ပုံငွေမှ ပါဝင်ပြီး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်ပိုလျှံ ရန်ပုံငွေထဲမှ ကျွန်တော်တို့ ကိုယ်တိုင် အဆိုပြုမှုကြောင့် ကွန်ကရစ်လမ်း နောက်ထပ် (၁)မိုင်ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်တွင် လုံးဝပါဝင်လာခြင်းမရှိဘဲ လမ်းအရှည် (၁၉)မိုင်ထဲတွင် ကျွန်တော်တို့ အထက်တွင်တင်ပြခဲ့သလို (၂)မိုင်ခန့်သာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဆိုပါလမ်းမှာ ကိုယ်စားပြုမှု များခြင်းကြောင့် တောင်းဆိုမှုများလည်း များပြားတဲ့လမ်းတစ်လမ်းဖြစ်ပါတယ်။ အချိန်မီ ပြီးစီးနိုင်ရေး ဦးစားပေး ဆောင်ရွက်ပေးသင့်တဲ့ လမ်းတစ်လမ်းထဲမှာ ပါဝင်ပါတယ်။

ယခုအချိန်တွင် အဆိုပါ (၁၉)မိုင်အတွင်း ကွန်ကရစ်လမ်း (၂)မိုင် ကျောက်ကြမ်းလမ်း (၂) မိုင်ခန့်ရှိနေပြီး ကျန်အပိုင်းများမှာ မြေသားလမ်းအဆင့်တောင် မဖောက်လုပ်ရသေးတဲ့နေရာတွေ အများကြီး ကျန်ရှိနေပါသေးတယ်။ မြေသားလမ်းများ၊ ကျောက်ချောလမ်းများ၊ ကွန်ကရစ်လမ်းများ ဆက်လက်ဖောက်လုပ်ရန် လိုနေပါသေးတယ်။ အဆိုပါ ပိန္နဲချောင်း – ကြောင်စွယ်ဖြူ ကျေးရွာ ချင်းဆက်လမ်း (၁၉)မိုင်အား တစ်ခါတည်းပြီးစီးအောင် ဆောင်ရွက်ပေးပါလို့ မတောင်းဆိုလိုပါ။ ဘဏ္ဍာရေးနှစ်(၁)နှစ်အတွင်း အနည်းဆုံး (၂)မိုင်ခန့်ကို ပြီးစီးအောင် ဆောင်ရွက်ပေးမည်ဆိုပါက ကျေးရွာနေပြည်သူများအတွက် အဆိုပါလမ်းကို အသုံးပြုလာနိုင်ကြမှာ ဖြစ်ပါတယ်။

ဤလမ်းမှာ ပြည်ထောင်စုအဆင့် လမ်းတံတားလုပ်ငန်းများ အဆင့်သတ်မှတ်ပြီး ဆောင်ရွက် တဲ့အထဲမှာ (A)အဆင့်မှာပါဝင်တဲ့ လမ်းတစ်လမ်းဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ရည်မှန်းချက် အချိန်မီ ပြီးစီးနိုင်ရေးနှင့် ဒေသခံပြည်သူများ၏ တောင်းဆိုမှုအရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။

ကျောက်တော်မြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်းများဖြစ်သည့် ပိန္နဲချောင်း – ကြောင်စွယ်ဖြူလမ်း (၁၉)မိုင်ထဲမှ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ကွန်ကရစ်လမ်း (၂)မိုင်၊ ကျောက်ချောလမ်း (၂)မိုင်နှင့် မြေသားလမ်း (၂)မိုင်တို့ကို ဖောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဘီလူးကျေးရွာအုပ်စု၊ ဘီလူးကျေးရွာမှ အင်းတော်ကြီးဒေသ နန့်မွန်းကျေးရွာအုပ်စုသို့ ချိတ်ဆက်ထားသော ဘီလူး–အုံးစံဆိုင်–နန့်မွန်း ကျောက်ချောလမ်းအား ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဆွေနိုင် က ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဘီလူးကျေးရွာအုပ်စု၊ ဘီလူးကျေးရွာမှ အင်းတော်ကြီးဒေသ

နန့်မွန်းကျေးရွာအုပ်စုသို့ ချိတ်ဆက်ထားသော ဘီလူး–အုံးစံဆိုင်–နန့်မွန်း ကျောက်ချောလမ်းအား ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၈။**

**ဦးမင်းဆွေနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်တစ်ရပ်လုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ပဏာမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီတစ်ခေါက် မေးမယ့်မေးခွန်းကတော့ ကျွန်တော့် မိုးညှင်းမြို့နယ်၊ ဘီလူးကျေးရွာအုပ်စု၊ ဘီလူးကျေးရွာက နေပြီးမှ အင်းတော်ကြီးဒေသ နန့်မွန်းကျေးရွာအုပ်စုသို့ ချိတ်ဆက်ထားတဲ့ ဘီလူး–အုံးစံဆိုင်–နန့်မွန်း ကျောက်ချောလမ်းကို ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဘီလူးကျေးရွာအုပ်စု၊ ဘီလူးကျေးရွာကနေပြီးမှ အင်းတော်ကြီးဒေသ နန့်မွန်း ကျေးရွာအုပ်စုသို့ ဆက်သွယ်ဖောက်လုပ်ထားတဲ့ ဘီလူး–အုံးစံဆိုင်–နန့်မွန်းဒေသအခေါ် (ကပ်ကျော်) လမ်းဟာဆိုလို့ရှိရင် ရှေးယခင် တော်လှန်ရေးကောင်စီလက်ထက်ကတည်းကနေ လမ်းအူကြောင်းရှာ ဖောက်လုပ်ခဲ့ပြီး တစ်ဖန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအစိုးရလက်ထက်မှာလည်း မိုးညှင်းဒေသခံများ ဦးဆောင်ပြီးတော့မှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ပြန်လည်ဖောက်လုပ်ခဲ့ကြောင်း သိရှိရပါတယ်။

အဆိုပါလမ်းဟာဆိုလို့ရှိရင် ယခင်အစိုးရလက်ထက်မှာ ပြန်လည်ပြီးတော့မှ လမ်းအူကြောင်း အသစ်ရှာဖွေပြီး ဘီလူး – အုံးစံဆိုင် – နန့်မွန်းလမ်း (၁၄)မိုင်အရှည်ကို မြေသားလမ်းအဖြစ် ဖောက်လုပ်ကာ ၎င်းမှတစ်ဆင့် ကျောက်ချောလမ်းအဖြစ်သို့ အဆင့်မြှင့်တင် ဖောက်လုပ်ခဲ့သည်ကို သိရှိရပါတယ်။ မြန်မာနိုင်ငံရဲ့ အကြီးဆုံးအိုင်ကြီးဖြစ်တဲ့ အင်းတော်ကြီးအိုင်သို့ ဘီလူး – အုံးစံဆိုင် – နန့်မွန်းလမ်းနှင့် နောက်တစ်ခါ ဟိုပင် – ဇီးကုန်း – နန့်မွန်းကတ္တရာလမ်းဆိုပြီးမှ လမ်းနှစ်သွယ်ရှိရာ ထိုလမ်းနှစ်သွယ်ဟာဆိုလို့ရှိရင် ရွှေဘို – မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးနှင့် ချိတ်ဆက်ထားတဲ့ လမ်းနှစ်သွယ်လည်းဖြစ်ပါတယ်။ ခုနက ကျွန်တော်တင်ပြခဲ့တဲ့ ဟိုပင် – ဇီးကုန်း – နန့်မွန်းလမ်းဟာ ဆိုလို့ရှိရင် တောင်အတက်အဆင်း၊ အကွေ့အကောက်များပြီးတော့မှ မိုးတွင်းကာလမှာ တောင်နံရံ များပြိုကျခြင်း ဖြစ်လေ့ရှိပြီး အမြဲတမ်းလမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်လေ့ရှိပါတယ်။

အဲဒီ ဟိုပင် – ဇီးကုန်း – နန့်မွန်းလမ်းဟာ ယမန်နှစ်ကာလမှာ တောင်နံရံများပြိုကျမှု လျော့နည်းစေရန် ဆိုပြီးတော့မှ ကျွန်တော်တို့ ယန္တရားတွေနဲ့ တောင်နံရံတွေ ဖြိုချပြီးတော့မှ မြေစာတွေကို အဝေးသို့ စွန့်ပစ်ခြင်းမရှိဘဲနဲ့ နီးစပ်ရာချောက်ထဲကို စွန့်ပစ်တဲ့အတွက်ကြောင့်မို့လို့ လွန်ခဲ့တဲ့ မိုးတွင်းကာလမှာ အဲဒီစွန့်ပစ်မြေများဟာ ရေနှင့်အတူမျောပါပြီး နန့်မွန်းကျေးရွာထဲကို ဖြတ်သွားတဲ့ချောင်းမှာ ချောင်းကြမ်းပြင် မြင့်တက်ပြီး ကျေးရွာအတွင်းမှာ အဲဒီမြေစာတွေကြောင့် ရေကြီးနစ်မြုပ်နေတာ ကြုံတွေ့ခဲ့ရပါတယ်။ အဲဒီမြေစာတွေကို တစ်ဖန်ပြန်လည်ပြီးတော့မှ ယန္တရားတွေနဲ့ ပြန်လည်သယ်ယူနေရတဲ့အတွက်ကြောင့် နိုင်ငံတော်ရဲ့ ဘတ်ဂျက်ရန်ပုံငွေတွေ အလဟဿ ဖြုန်းတီးရာရောက်ပါတယ်။

နောက် ဘီလူး – အုံးစံဆိုင် – နန့်မွန်းလမ်းဟာ ယခုလက်ရှိမှာ ကျောက်ချောလမ်း ဖြစ်ပေမယ့်လည်း လမ်းကြောင်းပြေပြစ်တဲ့ တောင်အတက်အဆင်း နည်းပြီးတော့မှ လမ်းအကွေ့အကောက်လည်း နည်းပါတယ်။ နောက် တောင်နံရံပြိုကျမှုလည်း အားနည်းပါတယ်။ ယာဉ်အသွားအလာလည်း များတာကို တွေ့ရပါတယ်။ နောက်ပြီးတော့မှ အင်းတော်ကြီးလမ်းအတွက် အရေးပါတဲ့လမ်းဖြစ်တဲ့ နန့်မွန်းလမ်းဟာ အဲဒီလမ်းကနေတစ်ဆင့် အင်းတော်ကြီးကနေတစ်ဆင့် အချိန်နာရီဝက်ခန့်ဆက်သွားမယ်ဆိုလို့ရှိရင် ဖားကန့်မြို့နယ် ကျောက်စိမ်း ထွက်ရှိရာဒေသသို့လည်း ရောက်နိုင်ပါတယ်။ အဲဒါကြောင့်မို့ ဒီလမ်းဟာ အမြဲမပြတ်ကောင်းနေဖို့ လိုအပ်ပါတယ်။ အင်းတော်ကြီးအိုင်မှာဆိုလို့ရှိရင် ကျွန်တော်တို့ တန်ခိုးကြီး ရွှေမဥ္ဇူရေလယ် စေတီတော်မြတ်ကြီး ရှိတဲ့အပြင် ခရီးသွားဧည့်သည်များဟာ အင်းတော်ကြီး အလှအပကို ခံစားလိုတဲ့ ခရီးသွားဧည့်သည်များဟာလည်း အမြဲမပြတ် ဝင်/ထွက်လေ့ရှိပြီး အင်းတော်ကြီးအိုင်ရဲ့ အရှေ့ဘက်ကမ်းဒေသဟာ ကျွန်တော်တို့ မိုးညှင်းမြို့နယ်ရဲ့ ဆန်စပါး အထွက်ကောင်းတဲ့ဒေသလည်း ဖြစ်ပါတယ်။

နောက်တစ်ခါ ကျွန်တော်တို့ ဘီလူးကျေးရွာအုပ်စု၊ ဘီလူးကျေးရွာမှာဆိုလို့ရှိရင် အာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့တဲ့ နာမည်ကြီး ရွှေဘုံသာစေတီတော်မြတ်ကြီးလည်း ရှိပါတယ်။ ခရီးသွားဧည့်သည်များဟာလည်း ခုန ကျွန်တော်ပြောပြခဲ့တဲ့ ရွှေဘုံသာစေတီတော်မြတ်ကြီးရဲ့ နာမည်ကြောင့် နာမည်ကြီးပြီး လူအများ အဝင်/အထွက်မစဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီ မိုးညှင်းမြို့နယ်၊ ဘီလူးကျေးရွာအုပ်စု၊ ဘီလူးကျေးရွာမှ အင်းတော်ကြီးဒေသသို့ ချိတ်ဆက်ထားတဲ့ ဘီလူး – အုံးစံဆိုင် – နန့်မွန်းလမ်းကို ဒေသရဲ့လိုအပ်ချက်အရ ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ်အဆင့် မြှင့်တင်ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ မြို့မ(၁၃)ရပ်ကွက် နန်းဖာလုံနှင့် သာယာကုန်းကျေးရွာသို့ ဆက်သွယ်ထားသောလမ်းမပေါ်ရှိ ချောင်းကူးတံတားအား အသစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ် က စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ မြို့မ(၁၃)ရပ်ကွက် နန်းဖာလုံနှင့် သာယာကုန်းကျေးရွာသို့ ဆက်သွယ်ထားသောလမ်းမပေါ်ရှိ ချောင်းကူးတံတားအား အသစ် ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၂။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ မြို့မ(၁၃) ရပ်ကွက် နန်းဖာလုံနှင့် အူးစူး၊ သာယာကုန်းကျေးရွာများကို ဆက်သွယ်ထားတဲ့ ကျေးရွာလမ်းမကို ၂၀၁၄ – ၂၀၁၅ ဘဏ္ဍာနှစ်မှာ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခဲ့ပြီး လမ်းမပေါ်မှာရှိတဲ့ ချောင်းကူးတံတားများကိုလည်း သစ်သားတံတားများမှ ကွန်ကရစ်တံတားများအဖြစ် ဘဏ္ဍာနှစ် အလိုက် အဆင့်မြှင့်တင် ဆောက်လုပ်ပေးခဲ့ပါတယ်။ တမူးမြို့၊ မြို့မ(၁၃)ရပ်ကွက် နန်းဖာလုံမှာရှိတဲ့ လူနှင့်ဆိုင်ကယ်သာ ဖြတ်သန်းသွားလာလို့ရတဲ့ သစ်သားတံတားယော်နေရာမှာ အကျယ် (၁၈)ပေ၊ အရှည် (၅၀)ပေ၊ အမြင့် (၁၄)ပေရှိတဲ့ အုတ်ခုံနှင့် သံဘောင်ခံ သစ်သားတံတားအဖြစ် ၂၀၁၅ – ၂၀၁၆ ဘဏ္ဍာနှစ်မှာ ဆောက်လုပ်ခဲ့ပါတယ်။

၎င်းတံတားဆောက်လုပ်ပြီးစအချိန် အုတ်ခုံများနှင့် တောင်ပံရေကာနံရံများမှာ အက်ကြောင်း များမြင်တွေ့ရကြောင်း ဒေသခံပြည်သူ (၁)ဦးက ပြောဆိုခဲ့တာကို လျစ်လျူရှုပြီးတော့ ပြုပြင်မှုများ ဆောင်ရွက်ခဲ့ခြင်းမရှိပါဘူး။ ၂၀၁၇ ခုနှစ်၊ မိုးရာသီမှာ သာမန်ထက်အနည်းငယ်ပိုတဲ့ မိုးရွာသွန်းမှု ကြောင့် အုတ်ခုံရေကာနံရံများ ရှေ့နောက်နှစ်ဖက်စလုံး ပြိုကျပျက်စီးခဲ့ရပါတယ်။ တံတားရေလည် တိုင်မှာလည်း ယိမ်းယိုင်သွားပြီး ယာဉ်များဖြတ်သန်းသွားလာခွင့် မရတော့တာဟာ ဒီနေ့အချိန်ထိ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုဖို့ မေတ္တာရပ်ခံအပ်ပါတယ်။

ဒါ ပြိုကျနေတဲ့ ရေကာနံရံအသစ် ဆောက်လုပ်ထားတာပါ။ အသစ် ဆောက်လုပ်ထားတာ ပထမဆောက်လုပ်ခါစတုန်းကတည်းက အရည်အသွေးမမီဘူးဆိုတာကို ထောက်ပြခဲ့ပေမယ့် ပြင်ဆင် မှုမရှိဘဲနဲ့ ပြိုလဲကျသွားတာဖြစ်ပါတယ်။ ပြိုလဲပြီးတော့ အသစ်ဆောက်ထားတာတောင်မှပဲ အက်ကြောင်းတွေထနေတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒါ တံတားရေလည်တိုင်ပါ။ ရေလည် တိုင်ရဲ့တိုင်မှာ သံချောင်းတစ်ချောင်းမှလည်း မပါဘဲနဲ့ ရေလည်တိုင်ရဲ့ ဖောင်ဒေးရှင်းဟာ (၁)ပေပဲ

ရှိပါတယ်။ ဘယ်လိုမှ မခိုင်ခန့်နိုင်ပါဘူး။ (၁)ပေခန့်သာ တူးထားပြီး ဒီအတိုင်း အုတ်နဲ့သယ်ပြီးတော့ အပေါ်ကို တက်လာတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ရေလေးနည်းနည်းကြီးလာတာနဲ့ ယိမ်းယိုင်သွားခြင်းဖြစ်ပါတယ်။ ယိမ်းယိုင်မှုအခြေအနေဖြစ်ပါတယ်။

ဒါ ဖောင်ဒေးရှင်းပါ။ (၁)ပေတောင်မှမရှိတဲ့ ဖောင်ဒေးရှင်းပါ။ ဒါတံတားကြမ်းခင်းတွေ ဆွေးမြည့်နေတာဖြစ်ပါတယ်။ ဒါကတော့ (၁)တန်အထက်ယာဉ်များ မဖြတ်သန်းရ သတိပေးဆိုင်းဘုတ်ဖြစ်ပါတယ်။ တံတားစီမံကိန်းရဲ့ ရည်ရွယ်ချက်က ကျေးရွာပြည်သူတွေ ဖြတ်သန်းသွားလာမှု လွယ်ကူစေရန်ဖြစ်ပါတယ်။ ဒါပေမယ့် ဒီတံတားကို အသုံးပြုခွင့်မရတာ (၁)နှစ်ကျော်နေပါပြီ။ အောက်ခြေမှာ အကြိမ်ကြိမ် ညှိနှိုင်းခဲ့သော်လည်းပဲ အာဏာပိုင်များက နားမထောင်ဘဲနဲ့ ဒီအတိုင်း ပစ်ထားခဲ့တာ ဒီနေ့အချိန်အထိ ဖြစ်ပါတယ်။ ဒီနေ့တော့ ပြင်ဆင်နေပြီလို့ သိရပါတယ်။

ဒါကြောင့်မို့လို့ ကျေးရွာနေပြည်သူများနှင့် ဒေသခံပြည်သူများ ဆက်သွယ်သွားလာမှု လွယ်ကူလျင်မြန်စေရန်အတွက် စံချိန်စံညွှန်းများနှင့်အညီ ဆောက်လုပ်ပေးမယ့် ကွန်ကရစ်တံတားတစ်စင်း အမှန်တကယ် လိုအပ်နေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တမူးမြို့၊ မြို့မ(၁၃)ရပ်ကွက် နန်းဖာလုံနှင့် သာယာကုန်းကျေးရွာ ဆက်သွယ်ထားတဲ့ လမ်းမပေါ်မှာရှိတဲ့ ချောင်းကူးတံတားကို အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ မေးမြန်းအပ်ပါတယ်ခင်ဗျား။

အသစ်ဆောက်လုပ်ထားပြီး ပြိုကျနေသော ရေကာနံရံ မြင်ကွင်းပုံ(င)



ယိမ်းယိုင်နေသော ရေလည်တိုင် မြင်ကွင်းပုံ(င–၁)



ရေလည်တိုင် တစ်ပေခန့်သာရှိသော ဖောင်ဒေးရှင်း မြင်ကွင်းပုံ(င–၂)



**မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ ကမာကေး–ကွင်းကလိန်–ဆယ်ပလာ လမ်းပိုင်းအား ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ကတ္တရာလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလင်းတင်ဌေး က မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ ကမာကေး – ကွင်းကလိန် – ဆယ်ပလာ လမ်းပိုင်းအား ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ကတ္တရာလမ်း ခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၅။**

**ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလင်းတင်ဌေး ပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော့်မြို့နယ်အတွင်းမှာရှိနေတဲ့ ကမာကေး – ကွင်းကလိန် – ဆယ်ပလာ လမ်းပိုင်းအား အဆင့်တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး မေးမြန်းသွားမှာပဲ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်ဟာ မော်လမြိုင်မြို့နယ်၏ တစ်ဘက်ကမ်းမှာတည်ရှိပြီး ကျေးရွာအုပ်စု (၄၆)အုပ်စု၊ ကျေးရွာ(၇၈)ရွာဖြင့် ဖွဲ့စည်းထားတဲ့ မြို့နယ်တစ်မြို့နယ် ဖြစ်ပါတယ်။ မြို့နယ်နေပြည်သူများမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများနှင့် ရေလုပ်ငန်းများကို ဦးတည်ကာ အသက်မွေးဝမ်းကျောင်း ပြုလျက်ရှိပါတယ်။ အဆိုပါမြို့နယ်၏ ပြည်သူများမှာ လူနေမှုဘဝမြင့်မားစေရေးအတွက် ကျေးရွာအတွင်းရှိ လမ်းများကို အဆင့်တိုးမြှင့်ဖောက်လုပ်ပေးရန် အထူးပင်လိုအပ်လျက်ရှိပါတယ်။ ကမာကေး – ကွင်းကလိန် – ဆယ်ပလာ လမ်းပိုင်းဟာဆိုလို့ရှိရင် ကမာကေးကျေးရွာနှင့် ဆယ်ပလာလမ်းပိုင်းကို ဆက်သွယ်ထားပြီး မိုင်အားဖြင့် (၄)မိုင်(၂)ဖာလုံခန့် ရှည်လျားလျက်ရှိပါတယ်။ အဆိုပါလမ်းပိုင်းကို အဓိကအားဖြင့် သံဃာတော်များ၊ ရေလုပ်သားများ၊ ကျောင်းသားကျောင်းသူများ နေ့စဉ်နှင့်အမျှ အသုံးပြု သွားလာနေသည့် လမ်းပိုင်းဖြစ်သည့်အတွက် အဆိုပါလမ်းပိုင်းအား နွေအခါတွင် ဖုံထူထပ်ခြင်း၊ မိုးတွင်းအချိန်အခါတွင် ရွှံ့နွံများထူထပ်ခြင်းအတွက် သွားလာအသုံးပြုနေတဲ့ ပြည်သူများ အခက်အခဲများစွာဖြင့် ရင်ဆိုင်ကြုံတွေ့နေရခြင်းပဲဖြစ်ပါတယ်။

အဆိုပါလမ်းပိုင်းကို သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ကမာကေး – ကွင်းကလိန် လမ်းပိုင်းအား ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ပေးပါက ကျေးရွာ (၈)ရွာမှ အိမ်ခြေ (၂၁၃၅) အိမ်၊ လူဦးရေ (၁၁၈၆၃)ဦးကို အကျိုးပြုနိုင်မှာဖြစ်သည့်အတွက် အဆိုပါလမ်းပိုင်းအား သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အဆင့်တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၂၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၂၇။**

**ဦးကျော်လင်း (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး မေးမြန်းထားတဲ့ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ထန်းတပင်မြို့နယ်တို့တွင် တည်ရှိသော ကျွဲပွဲ – မြို့စိုး – ဇရပ်ကြီးလမ်းပိုင်းနှင့် ၎င်းလမ်းပေါ်ရှိ တံတားများအား ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့တဲ့ အချက်အလက်များနှင့် ပေါင်းစပ်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့ကို ဆက်သွယ်ထားသော ကျွဲပွဲ – မြို့စိုး – ဇရပ်ကြီးလမ်းပိုင်းသည် ယခုတည်ဆောက်လျက်ရှိတဲ့ (၁၂၀၀)ပေအရှည်ရှိ မြို့စိုးတံတားအပါအဝင် အရှည် (၉)မိုင် (၁.၅၆) ဖာလုံရှိ လမ်းပိုင်းဖြစ်ပါတယ်။ လက်ရှိလမ်းအခြေအနေမှာ ကတ္တရာလမ်း (၄)မိုင် (၁.၄၈)ဖာလုံ၊ ကျောက်လမ်း (၄)မိုင် (၁.၇၂)ဖာလုံနဲ့ မြေသားလမ်း (၁.၇၁)ဖာလုံရှိပြီး မြို့စိုးတံတား ချဉ်းကပ်လမ်းကတော့ (၄.၆၅)ဖာလုံဖြစ်ပါတယ်။ ကျွဲပွဲ – မြို့စိုး – ဇရပ်ကြီးလမ်းပိုင်းပေါ်မှာ မြို့စိုးတံတားအရှည် (၁၂၀၀)ပေ အပါအဝင် (၁၀၅)ပေ သံကူကွန်ကရစ်တံတား(၁)စင်း၊ ပေ(၅၀)အောက် တံတား(၇)စင်း၊ ဘေလီတံတား (၁)စင်း၊ သံကူကွန်ကရစ်တံတား(၂)စင်း စုစုပေါင်း တံတား(၁၂)စင်း တည်ရှိပါတယ်။ မြို့စိုးတံတားရဲ့ ချဉ်းကပ်လမ်းနှင့် မြေသားလမ်းပိုင်း ကတ္တရာခင်းခြင်းလုပ်ငန်းကိုတော့ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ အပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့စိုးတံတားအရှည်(၁၂၀၀)ပေကို ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ အပြီးတည်ဆောက်ပေးသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး ရန်ပုံငွေ စုစုပေါင်း (၄၃၄.၁၀)ကျပ်သန်းဖြင့် ကျောက်ချောလမ်း (၃)မိုင် (၆.၄၅)ဖာလုံကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားမှာဖြစ်ပြီးတော့ သစ်သားတံတား (၃)စင်းကိုလည်း R.C.C Box Culvert များအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ရန် ရန်ပုံငွေများ လျာထားတောင်းခံထားပြီး ဖြစ်ပါတယ်။ သို့သော်လည်းပဲ ၎င်းလမ်းပိုင်းမှာ စုစုပေါင်းတံတား(၁၂)စင်းရှိပါတယ်။ ဒါကြောင့်မို့လို့ တံတား(၁၂)စင်းစလုံးကိုတော့ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ပြီးစီးအောင်

ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် အဆိုပါတံတားတွေအားလုံး ဆက်လက်ပြီးစီးဖို့အတွက် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ဆက်လက်ပြီး ရန်ပုံငွေတင်ပြတောင်းခံသွားပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းဖြစ်သည့် ပိန္နဲချောင်း – ကြောင်စွယ်ဖြူလမ်း (၁၉)မိုင်ထဲမှ ကွန်ကရစ်လမ်း (၂)မိုင်၊ ကျောက်ချောလမ်း (၂)မိုင်နှင့် မြေသားလမ်း (၂)မိုင်တို့ကို ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းအားဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်း ပိန္နဲချောင်း–ကြောင်စွယ်ဖြူလမ်း (၁၉)မိုင်သည် ကွန်ကရစ်လမ်း (၂)မိုင်နှင့် မိုင်တိုင်(၂) မှ (၄)အထိ ကျောက်လမ်း (၂)မိုင်တို့ ပါဝင်ပြီးတော့ ကျန်လမ်းပိုင်းမှာ ကျေးရွာချင်းဆက် မြေသားလမ်းများဖြစ်ပါတယ်။ လမ်းအဆင့်မြှင့်တင်ပြီးပါက ကျေးရွာ(၃)ရွာ၊ အိမ်ခြေ(၂၃၂၃)အိမ်နဲ့ လူဦးရေ(၄၆၀၀)ကျော်တို့ရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပိန္နဲချောင်း–ကြောင်စွယ်ဖြူလမ်းကို ကျောက်တန်းကျေးရွာမှ စစ်အောင်ကျေးရွာအထိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း (၁)မိုင် (၅)ဖာလုံဟာ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ တင်ပြထားပါတယ်။ နောက်တစ်ခါ သာဒါဆိပ်ကျေးရွာမှ ကသစ်တောကျေးရွာအထိ မြေသားလမ်း(၂)မိုင် ဖောက်လုပ်ဖို့အတွက် ကျွန်တော်တို့ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေထဲမှာ တင်ပြထားပြီး ဖြစ်တဲ့အတွက် ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေနိုင် မေးမြန်းထားတဲ့ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဘီလူးကျေးရွာအုပ်စု၊ ဘီလူးကျေးရွာမှ အင်းတော်ကြီးဒေသ နန့်မွန်းကျေးရွာအုပ်စုသို့ ချိတ်ဆက်ထားသော ဘီလူး – အုံးစံဆိုင် – နန့်မွန်းကျောက်ချောလမ်းအား ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လာသော အချက်အလက်များနှင့် ပေါင်းစပ်ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ ဘီလူး – အုံးစံဆိုင် – နန့်မွန်းလမ်းသည် စုစုပေါင်း (၂၂.၅၃)ကီလိုမီတာရှိပြီးတော့ ကချင်ပြည်နယ်

အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပါတယ်။ လက်ရှိ လမ်းအမျိုးအစားကတော့ ကျောက်ချောလမ်း ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ (၁၃.၆၇)ကီလိုမီတာမှ (၁၄.၂၇)ကီလိုမီတာအတွင်းမှာ ဒီတောင်ကမ်းပါးယံ၊ တောင်နံရံချဲ့ခြင်းလုပ်ငန်းများ စုစုပေါင်း(၀.၂၆)ကီလိုမီတာ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ကျောက်စီ မြေကာနံရံ တည်ဆောက်ခြင်းလုပ်ငန်း(၂၁၆) မီတာနှင့် ကျောက်စီ ရေမြောင်း (၂၄၉)မီတာတို့ ကျွန်တော်တို့ တည်ဆောက်သွားမှာဖြစ်ပါတယ်။ (၁၅.၁၈)ကီလိုမီတာမှ (၁၅.၂၈) ကီလိုမီတာအတွင်းမှာလည်း ဒီတောင်ကမ်းပါးယံ၊ ကျောက်ကမ်းပါးယံ (၇၆)ကီလိုမီတာ ကျွန်တော်တို့ တောင်ကမ်းပါးယံချဲ့ပြီးတော့ ကျောက်လမ်းခင်းခြင်းလုပ်ငန်းများ၊ နောက် ကျွန်တော်တို့ ဒီ(၁၅.၈၉) ကီလိုမီတာမှ (၁၆.၆၉)ကီလိုမီတာအတွင်းမှာ (၈၇)မီတာ အရှည်ကို Steel Basket အတွင်း ကျောက်ကြီး ထည့်ပြီးတော့ မြေကာနံရံ တည်ဆောက်ခြင်းလုပ်ငန်းအတွက်ကို ကျွန်တော်တို့ ဆောင်ရွက်လျက် ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာတော့ ဘီလူး- အုံးစံဆိုင် - နန့်မွန်းလမ်း (၂.၄)ကီလိုမီတာကို ကွန်ကရစ်လမ်း အသစ်ခင်းဖို့အတွက် ရန်ပုံငွေများ တင်ပြတောင်းခံထားပါတယ်။ (၂.၄)ကီလိုမီတာမှ (၂၂.၅၃)ကီလိုမီတာအတွင်းမှာရှိတဲ့ လမ်းပေါက် တွေ ဖာထေးဖို့ကိုလည်း ရန်ပုံငွေများ တင်ပြတောင်းခံထားပြီးတော့ ပြည်နယ် ငွေလုံးငွေရင်းရရှိမှု အပေါ် မူတည်ပြီးတော့ လမ်းများအဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြား အပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် စစ်ကိုင်း တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ် မေးမြန်းထားတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ မြို့မ(၁၃)ရပ်ကွက်၊ နန်းဖာလုံနှင့် သာယာကုန်းကျေးရွာသို့ ဆက်သွယ်ထားတဲ့ ချောင်းကူးတံတားကို အသစ်ပြန်လည်တည်ဆောက် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းထား တဲ့ ပြည်တော်သာ သစ်သားချောင်းကူးတံတားသည် တမူးခရိုင်၊ တမူးမြို့နယ်၊ မြို့မ(၁၃)ရပ်ကွက်မှ ချောင်းနက်ကြီး-အူးစူး-သာယာကုန်း ဂဝံလမ်းအရှည် (၆)မိုင် (၄)ဖာလုံ ကျေးလက်လမ်းပေါ်မှာ တည်ရှိတဲ့ တံတားဖြစ်ပြီးတော့ တမူးစေတီလမ်းမကြီးနဲ့ ချိတ်ဆက်ကာ ဆက်သွယ်လျက်ရှိပါတယ်။ အဆိုပါ တံတားသည် ကျွန်တော်တို့ ဝန်ကြီးဌာနက ၂၀၁၇ ခုနှစ်မှာ ဒီကျေးလက်လမ်းတံတားတွေ အားလုံးကို ဆောက်လုပ်ရေးဝန်ကြီးဌာနက လွှဲပြောင်းယူလိုက်တဲ့နေရာမှာ ကျွန်တော်တို့ ပါဝင်လာတဲ့ တံတားဖြစ်ပြီးတော့ အဆိုပါတံတားသည် ၂၀၁၇ ခုနှစ်မှာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလည်တိုင် ယိမ်းယိုင်သွားခြင်းနဲ့ သစ်သားကြမ်းခင်းတွေ ကျိုးပေါက်သွားခြင်း စသည်တို့ကြောင့်

ကျွန်တော်တို့ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်မှာတော့ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် Well Pile , Toe Wall စသည့်ပြုလုပ်ခြင်းနဲ့ သစ်သားကြမ်းခင်းတွေ လဲလှယ်ခြင်းတွေကိုတော့ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါတံတားသည် လမ်းအဆင့်သတ်မှတ်ချက် Class (A) ဦးစားပေးအဆင့် (၁)လမ်းပေါ်မှာတည်ရှိတဲ့အတွက် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်ကျလို့ရှိရင်တော့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ရန်ပုံငွေမှာတင်ပြပြီးတော့ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ ကွန်ကရစ်တံတားအသစ် ပြန်လည် တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလင်းတင်ဒွေး မေးမြန်းထားတဲ့ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ ကမာကေး–ကွင်းကလိန်–ဆယ်ပလာ လမ်းပိုင်းအား ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ကတ္တရာလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကမာကေး–ကွင်းကလိန်–ဆယ်ပလာလမ်း စုစုပေါင်း (၄)မိုင် (၂)ဖာလုံရှိပြီးတော့ လက်ရှိမြေသားလမ်းဖြစ်ပါတယ်။ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ရန်ပုံငွေဖြင့် ကတ္တရာလမ်း (၁)မိုင် (၆)ဖာလုံကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကမာကေး–ကွင်းကလိန်–ဆယ်ပလာလမ်းသည် လမ်းအဆင့် သတ်မှတ်ချက်အရ Class (A) ဦးစားပေးအဆင့်(၁)တွင် ပါဝင်ပါသဖြင့် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်၊ မွန်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေတွင် ဆက်လက်ပြီး ရန်ပုံငွေများ ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီးတော့ ကတ္တရာလမ်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၃၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ ကျေးလက်နေ အမျိုးသမီးများ၏ လူနေဘဝမြှင့်တင်ရန် စီးပွားရေးတွင် တစ်နိုင်တစ်ပိုင်ပါဝင်ရန် နေရပ်စွန့်ခွာ၍ ရေမြေခြား အလုပ်သွားလုပ်ခြင်းကို လျှော့ချနိုင်ရန်နှင့် အမျိုးသမီးများအတွက် ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးရန် အိမ်တွင်းစီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ဖို့အသိပေးခြင်း၊ နည်းပညာပေးခြင်း၊ ရင်းနှီးရန်ပုံငွေကြေးရှာဖွေခြင်း၊ ကုန်ကြမ်းကို ဒေသထွက်အဖြစ် ဖော်ထုတ်ပေးခြင်း၊ ဈေးကွက်ဖော်ဆောင်ပေးခြင်း၊ ဈေးကွက်တည်တံ့အောင် ဆောင်ရွက်ပေးခြင်း၊ သက်ဆိုင်ရာဌာနများ စုပေါင်း၍ ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀:၃၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း က ကျေးလက်နေ အမျိုးသမီးများ၏ လူနေဘဝ မြှင့်တင်ရန်၊ စီးပွားရေးတွင် တစ်နိုင်တစ်ပိုင်ပါဝင်ရန်၊ နေရပ်စွန့်ခွာ၍ ရေမြေခြား အလုပ်သွားလုပ်ခြင်းကို လျှော့ချနိုင်ရန်နှင့် အမျိုးသမီးများအတွက် ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးရန် အိမ်တွင်းစီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ဖို့အသိပေးခြင်း၊ နည်းပညာပေးခြင်း၊ ရင်းနှီးရန်ပုံငွေကြေးရှာဖွေခြင်း၊ ကုန်ကြမ်းကို ဒေသထွက်အဖြစ် ဖော်ထုတ်ပေးခြင်း၊ ဈေးကွက်ဖော်ဆောင်ပေးခြင်း၊ ဈေးကွက်တည်တံ့အောင် ဆောင်ရွက်ပေးခြင်း၊ သက်ဆိုင်ရာဌာနများစုပေါင်း၍ ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဒေါက်တာတင်တင်ဝင်း အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၇။**

**ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဒီနေ့ ကျွန်မ တင်သွင်းမယ့်အဆိုဟာ အမျိုးသားလွှတ်တော်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးကော်မတီဝင်များ မိမိတို့မဲဆန္ဒနယ်မှာ တွေ့ရှိခဲ့ရတဲ့ အမျိုးသမီးကိစ္စများကို အခြေခံပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျေးလက်နေ အမျိုးသမီးများ၏ လူနေမှုဘဝ မြှင့်တင်ရန်၊ နိုင်ငံ့စီးပွားရေးတွင် တစ်နိုင်တစ်ပိုင် ပါဝင်ရန်၊ ရေခြားမြေခြားတွင် အလုပ်သွားလုပ်ခြင်းကို လျှော့ချရန်၊ အမျိုးသမီးများအတွက် နေချင့်စဖွယ်ပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးပေးရန်နှင့် အိမ်တွင်းစီးပွားရေးလုပ်ငန်းများဖော်ဆောင်ပေးဖို့ အသိပေးခြင်း၊ နည်းပညာပေးခြင်း၊ ရင်းနှီးရန် ငွေကြေးစီမံပေးခြင်း၊ ဒေသထွက်ကုန်ကြမ်းများကို တန်ဖိုးမြှင့်ပစ္စည်းများ ဖန်တီးရန် အားပေးခြင်း၊ ဈေးကွက် ဖော်ဆောင်ပေးခြင်း ဈေးကွက်တည်တံ့အောင် ဆောင်ရွက်ပေးခြင်းတို့ကို

သက်ဆိုင်ရာဌာနများ စုပေါင်းအင်အားဖြင့် ဖော်ဆောင်ပေးရန် နိုင်ငံတော်အစိုးရအား တင်သွင်းတဲ့ အဆို ဖြစ်ပါတယ်။

ဒီနေရာမှာလည်းပဲ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အခန်း(၂)၊ ရည်ရွယ်ချက်မှာ အပိုဒ်(၃)၊ (ဂ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ရရှိနိုင်သော လူ့စွမ်းအားနှင့် ငွေကြေးအရင်းအနှီးများကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရန်ဟူသော အချက်နှင့်လည်း ကိုက်ညီပါတယ်။ အကျိုးအကြောင်းဖော်ပြချက်(၁) ယနေ့ မြန်မာ့စီးပွားရေး အခြေအနေမှာ ပို့ကုန်ရငွေ US ဒေါ်လာ သန်း(၃၀၀၀)ကျော်ရှိပြီး သွင်းကုန်အတွက် US ဒေါ်လာ သန်း(၄၀၀၀)ကျော် သုံးနေရပါတယ်။ လိုငွေမှာ US ဒေါ်လာ (၈၀၀)ကျော်ရှိပါတယ်။ ပို့ကုန်ကို တိုးမြှင့်နိုင်ရင် လိုငွေလျော့ကျသွားမှာဖြစ်ပါတယ်။ အကြောင်းပြချက်(၂) ပို့ကုန်အတွက် အမျိုးသမီး အင်အားကို ယူရပါမယ်။

မြန်မာနိုင်ငံလူဦးရေ (၇၀)ရာခိုင်နှုန်းဟာ ကျေးလက်မှာနေပါတယ်။ လူဦးရေ (၅၀) ရာခိုင်နှုန်းကျော်ဟာ အမျိုးသမီးများ ဖြစ်နေပါတယ်။ ကျေးလက်နေအမျိုးသမီးဦးရေဟာ မြို့ပြမှာ ထက်ပိုပါတယ်။ ကျေးလက်နေအမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ဖို့ ကိုယ့်အားကိုယ်ကိုးဖို့ ယုံကြည်မှုရှိဖို့၊ တစ်ဖက်နိုင်ငံနှင့် မြို့ပေါ်သို့ အလုပ်သွားမလုပ်ဘဲ အိုးမကွာ၊ အိမ်မကွာ သင့်တင့် မျှတသော ဝင်ငွေရနိုင်ဖို့၊ နိုင်ငံ့စီးပွားရေး၏ ပို့ကုန်မြှင့်တင်ရာတွင် ပါဝင်ဖို့လည်း ရည်ရွယ်ပါတယ်။ ဒီမှာလည်းပဲ ကျေးလက်ဒေသဖွံ့ဖြိုးရေးဥပဒေ အခန်း(၄)၊ အပိုဒ်(၆)(ဃ)(၅)မှာ တစ်နိုင်တစ်ပိုင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းများအတွက် နည်းပညာ၊ ငွေကြေးအရင်းအနှီးနှင့် ဈေးကွက်ရရှိနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်းဟုပါရှိပါသဖြင့် ဥပဒေနှင့်လည်းညီပါတယ်။ အကြောင်းပြချက် (၃)၊ လွှတ်တော် ကိုယ်စားလှယ်များရဲ့တာဝန်မှာ မဲဆန္ဒရှင်ပြည်သူများရဲ့ ဘဝများကို ထူးခြားပြောင်းလဲ သွားစေမည့် လုပ်ငန်းများ လုပ်ဆောင်ရန်ပါဝင်ပါတယ်။ ယခုအဆိုမှာ မဲဆန္ဒရှင် ကျေးလက်အမျိုးသမီးများရဲ့ ဘဝကို ပြောင်းလဲသွားစေလိုသောဆန္ဒဖြင့် တင်သွင်းခြင်းဖြစ်ပါတယ်။ ရေတို၊ ရေရှည်စီမံချက်၊ လျှပ်စစ်၊ လမ်း အဆင်ပြေသောရွာများတွင် စတင်ပြီး PILOT MODEL လုပ်နိုင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ရေးဆွဲသော MSDP (Myanmar Sustainable Development Plan) မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်ရန် စီမံချက် ၂၀၁၈ – ၂၀၃၀ တွင် ငြိမ်းချမ်းရေး၊ စီးပွားဖွံ့ဖြိုးရေး၊ လူထုဗဟိုပြု ဒီမိုကရေစီနိုင်ငံဖြစ်ရေး ဟူသော ဦးတည်ချက်ကို အထောက်အပံ့ဖြစ်စေမယ့် အဆိုလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ MSDP ရဲ့ ရည်မှန်းချက်(၃)ဖြစ်သော အလုပ်အကိုင်အခွင့်အလမ်းနှင့် အစိုးရ မဟုတ်သော လူထုအခြေပြုအဖွဲ့အစည်းများ ဖွံ့ဖြိုးရေးအတွက်လည်း ဖြစ်ပါတယ်။ အကြောင်း ပြချက်(၄) မှာ MSDP ၏ ရည်မှန်းချက်(၅)ဖြစ်သော သဘာဝသယံဇာတ ဥပမာ – ဝါး၊ ဝါ၊ မြေ စသော

ပတ်ဝန်းကျင်ရှိ သယံဇာတများမှ လူသုံးကုန်ပစ္စည်းများ၊ Value Added တန်ဖိုးမြှင့်ပစ္စည်းများ တီထွင်ပြီး မြန်မာပြည်၏စီးပွားရေး မြှင့်တင်ရန်ဆိုသော ရည်မှန်းချက်နှင့်လည်း ကိုက်ညီပါတယ်။ ကျွန်မမဲဆန္ဒနယ် ရေတာရှည်မြို့နယ်တွင် ဝါးပင်များ အလွန်ဖြစ်ထွန်းပါတယ်။ ဝါးမှထွက်သော အသုံးအဆောင်ပစ္စည်းများဖြစ်ရန် ကျေးရွာရှိ အမျိုးသမီးများက လူသုံးကုန်ထုတ်လုပ်ရန် လုပ်ငန်းရှင်များထံမှ ငွေကြေး၊ နည်းပညာ၊ ဈေးကွက်ဖော်ဆောင်ရေး အကူအညီပေးဖို့ ဆွေးနွေးအကောင်အထည်ဖော်ရန် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီအချက်ကလည်းပဲ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ အခန်း(၂)၊ အပိုဒ် ၃(၁)တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကို အားပေးမြှင့်တင်ရန်ဟူသော အချက်နှင့်လည်း ကိုက်ညီပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဤကဲ့သို့ပဲ ပြည်နယ်များတွင် လက်ရက်ကန်းမှ စက်ရက်ကန်းများ ဖော်ထုတ်ပြီး တိုင်းရင်းသားယဉ်ကျေးမှုလက်ရာ ပြန်လည်ပေါ်ထွန်းရန် လိုအပ်နေပါတယ်။ ယခုလည်း လုပ်နေပေမယ့် သင့်တင့်မျှတတဲ့ဝင်ငွေမရှိသဖြင့် သက်ဆိုင်ရာများနှင့် အဖွဲ့အစည်းများက အကူအညီပေးရန် လိုအပ်နေပါတယ်။ အကြောင်းပြချက်(၅)၊ MSDP ရည်မှန်းချက်(၄)ဖြစ်တဲ့ လူသားအရင်းအမြစ်ကို ကျွမ်းကျင်မှုနှင့်ပေါင်း၍ လူမှုဘဝတိုးတက်ရေးသည် (၂၁)ရာစု လူ့အဖွဲ့အစည်းအတွက်ဖြစ်ရမည်ဆိုသော ရည်မှန်းချက်နှင့်အညီ အကောင်အထည်ဖော်လိုပါတယ်။

ယခုအချိန်မှာ ကျေးလက်ကိုစွန့်ခွာ၍ တစ်ရပ်တစ်ကျေးသို့ သွားရောက်အလုပ်လုပ်နေသဖြင့် ကျေးလက်တွင် လယ်ယာလုပ်သားများ ရှားပါးချိန်လည်းဖြစ်ပါတယ်။ အမျိုးသမီးများအတွက်လည်း ကျေးလက်တွင် အဆင်မပြေတော့၍ မြို့ပြသို့သွားပြီးတော့ တစ်ဖက်နိုင်ငံသို့လည်းကောင်း သွားရောက်အလုပ်လုပ်ရာမှာ လူကုန်ကူးခံရခြင်း၊ မြို့ပြတွင် ကျူးကျော်များများပြားလာခြင်း၊ လိင်အကြမ်းဖက်မှုများ ကြုံနေရခြင်းဖြင့် အမျိုးသမီးများဘဝ လုံခြုံမှုမရှိတော့ပါ။

ဥက္ကဋ္ဌကြီးရှင်။ ယခုအတိုင်း ဆက်လက်၍ ကျေးလက်ကို ပစ်ထားမည်ဆိုလျှင် ကျေးလက်များ ဆိတ်သုဉ်းသွားနိုင်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးအဖွဲ့များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ ကျွမ်းကျင်ပညာရှင်များ၊ SME ချေးငွေပေးနိုင်သောဌာနများမှ ဟန်ချက်ညီညီ စုပေါင်းလုပ်ဆောင်ရန် လိုအပ်ပါတယ်။ ကုလသမဂ္ဂအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ ပြည်ပနိုင်ငံ၊ ပြည်တွင်း ပြည်ပအစိုးရမဟုတ်သောအဖွဲ့အစည်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်း၊ လူထုအခြေပြု အဖွဲ့အစည်းနှင့်ပုဂ္ဂလိကများထံမှ ဘဏ္ဍာရေးနည်းပညာ အကူအညီများကို အစိုးရအဖွဲ့၏ သဘောတူညီမှုဖြင့် ဥပဒေနှင့်အညီ ရယူနိုင်ရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းနည်း၊ ကျေးလက် ဥပဒေ အခန်း(၃)၊ အပိုဒ် ၅(ဃ)နှင့် ညီပါသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဖွံ့ဖြိုးရေး

ဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များက ဦးဆောင်၍ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းတဲ့အဆိုအား တင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၄၂။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀:၄၂။**

**ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ်** မဲဆန္ဒနယ်**အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မက မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်အောင် ဖြစ်ပါတယ်။ ဒေါက်တာဒေါ်တင်တင်ဝင်း တင်သွင်းတဲ့အဆိုကို လွှတ်တော်က လက်ခံဆွေးနွေး သင့်ပါကြောင်း ထောက်ခံသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ၂၀၁၉ ခုနှစ်မှာ ကောက်ယူခဲ့တဲ့ မြန်မာနိုင်ငံ လူဦးရေ စာရင်းအရ ကျွန်မတို့နိုင်ငံမှာ လူဦးရေ (၅၄)သန်းကျော်ရှိနေပြီးတော့ အမျိုးသားဦးရေက (၄၉.၃) ရာခိုင်နှုန်းနဲ့ အမျိုးသမီးက (၅၀.၇)ရာခိုင်နှုန်းရှိပါတယ်။ (၆၂)ရာခိုင်နှုန်းခန့်ကတော့ ကျေးလက်နေ ပြည်သူများဖြစ်ကြောင်း သိရှိရပါတယ်။ မြန်မာနိုင်ငံမှာ အလုပ်အကိုင်ရှားပါးမှုကြောင့် နေ့စဉ် တခြားနိုင်ငံကို တရားဝင်ရော၊ တရားမဝင်ပါ နယ်စပ်ဖြတ်ကျော် သွားရောက် အလုပ်လုပ်ကိုင်လျက် ရှိတဲ့နေရာမှာ အများဆုံးသွားတဲ့ နိုင်ငံကတော့ ထိုင်းနိုင်ငံဖြစ်ပြီးတော့ မလေးရှား၊ စင်ကာပူ၊ တောင်ကိုရီးယား၊ ဂျပန်နိုင်ငံကိုလည်းပဲ သွားရောက်လုပ်ကိုင်ကြတဲ့လူတွေထဲမှာအမျိုးသမီးငယ်တွေ အများဆုံး ပါဝင်နေတယ်လို့ စစ်တမ်းတွေအရ လေ့လာသိရှိရပါတယ်။ မြန်မာနိုင်ငံမှာ အလုပ်လုပ် နိုင်တဲ့ အမျိုးသမီးဟာ လူဦးရေရဲ့ (၅၀.၅)ရာခိုင်နှုန်းရှိပေမယ့် တကယ်အလုပ်ပေးနိုင်တာကတော့ (၂၀)ရာခိုင်နှုန်းလောက်သာ ကျွန်မတို့ ပေးနိုင်ခဲ့ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးရှင်။ UN Women အဖွဲ့ရဲ့ စာမျက်နှာမှာ ဖော်ပြချက်တွေ အရ ကျေးလက်နေ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍဟာ ကျေးလက်ဖွံ့ဖြိုးရေး၊ စားနပ်ရိက္ခာ ထုတ်လုပ်ရန်နှင့် ဆင်းရဲမွဲတေမှု လျှော့ချရေးအတွက် အဓိကအခန်းကဏ္ဍကနေ ပါဝင်နေတယ်လို့ သိရှိရပါတယ်။ ကျွန်မတို့နိုင်ငံလို စိုက်ပျိုးရေးလုပ်ငန်းကို အဓိကစီးပွားရေးအဖြစ် အားထားနေရတဲ့ နိုင်ငံတစ်ခုအတွက်ကတော့ ကျေးလက်နေပြည်သူ အမျိုးသမီးတွေကို လူမှုစီးပွားနဲ့ ပတ်ဝန်းကျင် တိုးတက်ပြောင်းလဲမှုဖြစ်စဉ်တွေမှာ အရှိန်အဟုန်နဲ့မြှင့်တင်ဖို့ အထူးအရေးကြီးလှပါတယ်။ ယနေ့ ကျေးလက်နေအမျိုးသမီးများ ရင်ဆိုင်နေရတဲ့အခက်အခဲတွေကတော့ ငွေကြေးအရင်းအနှီး ပံ့ပိုးမှု၊ ကျန်းမာရေးအသိပညာနဲ့ ကျောင်းပညာရေးမှာ အကန့်အသတ်နဲ့သာ ရရှိနေခြင်းဖြစ်ပါတယ်။ နိုင်ငံ

တော်အနေနဲ့ အမျိုးသမီးများရဲ့စွမ်းဆောင်ရည်ကို အားဖြည့်ကူညီပေးမယ်ဆိုရင် သူတို့ရဲ့ တစ်ဦးချင်း တစ်ယောက်ချင်း ပြေလည်မှုကနေ မိသားစုရဲ့ပြေလည်မှု၊ မိသားစုပြေလည်မှုကနေပြီးတော့ ကျေးလက်နေ လူမှုအဖွဲ့အစည်းပြေလည်မှု စသဖြင့် ကျွန်မတို့ ပြေလည်လာစေပြီးတော့ နိုင်ငံရဲ့ ကုန်ထုတ်စွမ်းအား တိုးတက်ရေးအတွက်ကိုပါ အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကမ္ဘာမှာလည်းပဲ ကမ္ဘာ့စိုက်ပျိုးစီးပွားရေးလုပ်ငန်းခွင်တွေမှာ အမျိုးသမီး တွေရဲ့ အခန်းကဏ္ဍဟာ လျစ်လျူရှုထားလို့မရအောင် အရေးပါလှပါတယ်။ အလားတူ ကျွန်မတို့ နိုင်ငံမှာလည်းပဲ အမျိုးသမီးများရဲ့ အခန်းကဏ္ဍကို လျစ်လျူရှုထားလို့ မရပါဘူး။ ဒါကြောင့် ကျေးလက်နေ အမျိုးသမီးများရဲ့ လူနေမှုဘဝ မြှင့်တင်ဖို့အတွက် ပစ္စည်းကိရိယာတွေ၊ နည်းပညာတွေ၊ ငွေကြေးအရင်းအနှီးပံ့ပိုးမှုတွေကို နိုင်ငံတော်က မူဝါဒတွေချမှတ်ပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးဖို့ လိုအပ်လှပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ ဒေါက်တာတင်တင်ဝင်းရဲ့ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးသင့်ပါကြောင်း အပြည့်အဝ ထောက်ခံတင်ပြအပ် ပါတယ်ရှင်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၄၅။**

**ဥက္ကဋ္ဌ**။　　။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာတင်တင်ဝင်း တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ကျေးလက်နေအမျိုးသမီးများ၏ လူနေဘဝမြှင့်တင်ရန်၊ စီးပွားရေးတွင် တစ်နိုင်တစ်ပိုင်ပါဝင်ရန်၊ နေရပ် စွန့်ခွာ၍ ရေမြေခြားအလုပ်သွားလုပ်ခြင်းကို လျှော့ချနိုင်ရန်နှင့် အမျိုးသမီးများအတွက် ပတ်ဝန်းကျင် ကောင်းတစ်ခု ဖန်တီးပေးရန် အိမ်တွင်းစီးပွားရေးလုပ်ငန်းများဖော်ဆောင်ဖို့ အသိပေးခြင်း၊ နည်းပညာ ပေးခြင်း၊ ရင်းနှီးရန်ပုံငွေကြေးရှာဖွေခြင်း၊ ကုန်ကြမ်းကို ဒေသထွက်အဖြစ် ဖော်ထုတ်ပေးခြင်း၊ ဈေးကွက် ဖော်ဆောင်ပေးခြင်း၊ ဈေးကွက်တည်တံ့အောင် ဆောင်ရွက်ပေးခြင်း၊ သက်ဆိုင်ရာဌာနများ စုပေါင်း၍ ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် ရှိပါသလားခင်ဗျား။

**အချိန်၊ ၁၀:၄၇။**

**ဦးအောင်ကြည်ညွှန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။　　။ လေးစားအပ် ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ကြည့်လိုက်တဲ့အခါမှာ အဆိုရှင်ရော၊

ထောက်ခံသွားသောပုဂ္ဂိုလ်များရော မြန်မာနိုင်ငံမှာရှိတဲ့ ကျေးလက်ဒေသနဲ့ အမျိုးသမီးများရဲ့ လူနေမှုအဆင့်မြှင့်တင်ရေးအတွက် အင်မတန်မှ အလေးအနက်ထားတယ်ဆိုတာကို သိရပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ ကြိုလည်း ကြိုဆိုပါတယ်။ ဒါပေမယ့်လို့ အဆိုရဲ့ အနှစ်သာရမှာ ကျွန်တော် တင်ပြချင်တဲ့အချက်လေးနှစ်ခု ရှိပါတယ်။ တစ်ခုက ဘာလဲဆိုတော့ အဆိုရှင် တင်ပြသွားကတည်းကိုက ဒီအဆိုကို တင်တဲ့အခါမှာ လက်ရှိမြန်မာနိုင်ငံမှာ အခု ပြဋ္ဌာန်းပြီးတော့ ကျင့်သုံးနေတဲ့ ဥပဒေအချက်အလက်များ နောက် မြန်မာနိုင်ငံရဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးမှာ အစိုးရက ဒီနေ့ဆောင်ရွက်နေတဲ့အချက်အလက်များ နောက်ပြီး ခုလက်ရှိ ဆောင်ရွက်နေသော လုပ်ငန်းရပ်များလည်း ရှိပြီးသားဖြစ်တဲ့အတွက် ဒီအဆိုဟာ ကိုက်ညီကြောင်း တင်ပြသွားတာကို တွေ့ရပါတယ်။ ဒါရဲ့ အနှစ်သာရကို ပြန်ကြည့်ရင် လက်ရှိအစိုးရက ဥပဒေနဲ့ပြဋ္ဌာန်းပြီးတော့ တရားဝင် စီစဉ်ဆောင်ရွက်နေတဲ့လုပ်ငန်းတွေ ဖြစ်နေတယ်ဆိုတာ အဆိုအပေါ်မှာမူတည်ပြီး ကျွန်တော်တို့ တင်ပြချက်ပေါ်မှာ မူတည်ပြီး ကြားရပါတယ်။ ဒါ ပထမဆုံးတစ်ချက် ဖြစ်ပါတယ်။

ဒုတိယတစ်ချက်အနေနဲ့ ကျွန်တော်တို့ အခု အမျိုးသမီးများရဲ့ အခန်းကဏ္ဍနဲ့ ပတ်သက်ပြီးတော့ မြန်မာနိုင်ငံမှာ ဒီနေ့ဆောင်ရွက်နေတဲ့ ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်မှာဆိုရင် ကျေးလက်ဒေသဖွံ့ဖြိုးရေးကနေပြီးတော့ အခု ကျွန်တော်တို့ မြစိမ်းရောင်စီမံကိန်းတွေမှာဆိုရင် စီမံကိန်းကော်မတီထဲမှာ ကော်မတီဝင် (၇)ဦးမှာ အမျိုးသမီးအနည်းဆုံး (၃)ဦး ပါဝင်သည့်အတွက် အမျိုးသမီး၊ အမျိုးသား ခွဲခြားပြီးတော့ ဖွဲ့စည်းနေတဲ့စနစ်တွေနဲ့ ဆောင်ရွက်နေတာတွေ့ရပါတယ်။ အဲဒီလိုပဲ (VDP – Village Development Planning) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှာလည်း အဲဒီလိုပဲ ဆောင်ရွက်နေပါတယ်။ နောက် အခုကျေးလက်ဒေသမှာ (CDD – Community Driving Development) လူထုဗဟိုပြုစီမံကိန်းတွေလည်း တရားဝင်ဆောင်ရွက်နေတဲ့ အနေအထားမျိုးမှာ ရှိပါတယ်။ အခု လောလောဆယ် အကောင်အထည်ဖော် ဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။

အခု လက်ရှိအခြေအနေမှာဆိုရင်ကိုပဲ အခုလောလောဆယ် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကနေ အတည်ပြုပြီး အမျိုးသားလွှတ်တော်ကို ရောက်နေတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဥပဒေဆိုတာ အခု ကျွန်တော်တို့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ နောက် တစ်ပြိုင်နက်တည်းမှာပဲ မြို့ပြနဲ့ဒေသ ဖွံ့ဖြိုးရေးဥပဒေတွေကို ကျွန်တော်တို့ အစိုးရကနေပြီးတော့ ဥပဒေတွေ ပြဋ္ဌာန်းပြီးတော့ အခု တင်ပြနေတဲ့ အနေအထားမျိုးမှာ ရှိပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ အဲဒီတော့ လက်ရှိအနေအထားမျိုးအရဆိုရင် အစိုးရအနေနဲ့ ဆောင်ရွက်သင့်တဲ့အခါမှာ ဒီအမျိုးသမီးများ အပါအဝင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်တဲ့အစီအစဉ်တွေကို စနစ်တကျဆောင်ရွက်နေတယ်လို့ မြင်သာထင်သာအခြေအနေမျိုးရှိပါတယ်။ ဒါ ကျွန်တော် ဒုတိယ တင်ပြခြင်းဖြစ်ပါတယ်။

တတိယ ကျွန်တော် တင်ပြချင်တာကတော့ ဘာလဲဆိုတော့ အခု ဒီနေရာမှာ ဒီလို အခြေအနေမျိုးဖြစ်ဖို့ရာအတွက် အိမ်တွင်းစီးပွားရေးလုပ်ငန်းတွေကို ဖန်တီးဖော်ဆောင်ပေးဖို့ နည်းပညာပေးဖို့၊ ရင်းနှီးရန် ရန်ပုံငွေရှာဖွေပေးဖို့၊ ကုန်ကြမ်းကို ဒေသထွက် ဖော်ထုတ်ပေးဖို့၊ ဈေးကွက်ဖော်ဆောင်ပေးဖို့၊ ဈေးကွက်တည်တံ့အောင် ဆောင်ရွက်ပေးဖို့ဆိုတဲ့ အနေအထားရပ်မျိုး တွေနဲ့ ပတ်သက်ပြီးတော့ ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ ဒီဖွံ့စည်းပုံအရ အခုသွားနေတာ ဈေးကွက်စီးပွားရေးစနစ်ဖြစ်သလို အဲဒီရဲ့ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုရရှိရေး အတွက်ကိုပဲ ဒီကနေ့ နိုင်ငံတော်ရဲ့ အကြီးအကဲများက ကျားကုတ်ကျားခဲ ကြိုးစားဆောင်ရွက်နေ တာကို ကျွန်တော်တို့ တွေ့မြင်နေရတာဖြစ်ပါတယ်။ နောက် အဲဒီနေရာမှာ လက်ရှိ ဒီလို အနေအထားမျိုးအရ ကျေးလက်ဒေသကို ဒီလိုပဲ ပစ်ထားမယ်ဆိုရင် အင်မတန်ဆိုးဝါးမယ်ဆိုတဲ့ အနေအထားမျိုး ကျွန်တော် ကြားရပါတယ်။ ဆိုလိုချင်တာက လက်ရှိ ကျွန်တော်တို့အစိုးရက ကျေးလက်ဒေသရဲ့ဖွံ့ဖြိုးရေးကို အခုအချိန်အထိ ပစ်ထားတယ် ဆိုတဲ့ အမြင်မျိုး ကျွန်တော့်အနေနဲ့ ဒီကနေ့ မမြင်ပါဘူး။

ဒါကြောင့် နောက်ဆုံးအဆိုမှာကျတော့ ဘာရှိလဲဆိုတော့ ဒီလို နေရာများစွာသော လုပ်ငန်းတွေ နည်းပညာပေးဖို့တို့၊ ရင်းနှီးမြှုပ်နှံမှုတွေပေးဖို့တို့၊ ကုန်ကြမ်းကို ဒေသဖြစ် ဖော်ထုတ်ပေးဖို့၊ ဈေးကွက်ဖော်ဆောင်ပေးဖို့၊ ဈေးကွက်တည်တံ့အောင် ဆောင်ရွက်ပေးဖို့ဆိုတဲ့ ကိစ္စရပ်များဟာ ဌာနအသီးသီး၊ စီမံကိန်းအသီးသီး၊ အုပ်ချုပ်ရေးယန္တရားအရ ဆောင်ရွက်ရတဲ့လုပ်ငန်းတွေ ဖြစ်ပါတယ်။ နောက် သက်ဆိုင်ရာဌာနများ စုပေါင်းပြီးတော့ ဆောင်ရွက်ဖို့ ပြည်ထောင်စုအစိုးကို တိုက်တွန်းတယ်ဆိုတဲ့အခါမှာ ပြည်ထောင်စုအစိုးရရဲ့ ဒီလို အုပ်ချုပ်မှုယန္တရားအရ အုပ်ချုပ်ရတဲ့ စနစ်ဟာ သူ့နေရာနဲ့သူ ကန့်သတ်ပြီး သူ့နေရာနဲ့သူ စီမံကိန်းတွေကိုသာ စီစဉ်ဆောင်ရွက်ရတာဖြစ် ပါတယ်။ နေရာတကာတိုင်းမှာ သက်ဆိုင်ရာဌာနနဲ့ ပူးပေါင်း ဆောင်ရွက်ပေးဖို့ ဆိုတဲ့ဥစ္စာ အင်မတန်မှ ခက်ခဲပါတယ်။ လုပ်ထုံးလုပ်နည်းအရလည်း အင်မတန်မှ ခက်ခဲပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုဟာ တကယ်လို့ ဆွေးနွေးပြီးတော့ အောင်မြင်ခဲ့တယ်ဆိုရင်တောင်မှ အစိုးရအနေနဲ့ ဆောင်ရွက် ဖို့ရာအတွက် ဖြစ်နိုင်ခြေရှိတဲ့ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ဖို့ရာ အင်မတန် ခက်ခဲမှာ ဖြစ်တဲ့အတွက်ကြောင့်မို့ ဒီအဆိုကို စဉ်းစားဖို့ရန် လွှတ်တော်ကြီးအနေနဲ့ အလေးအနက်ထားပြီးတော့ စဉ်းစားသုံးသပ်သင့်ကြောင်း ကျွန်တော် တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၅၁။**

**ဥက္ကဋ္ဌ။**　　။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာတင်တင်ဝင်း တင်သွင်းတဲ့ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ်ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ (တ)၊ နည်းဥပဒေခွဲငယ် (၃)အရ မတ်တတ်ရပ်၍ ဆန္ဒပြုတဲ့နည်းလမ်းဖြင့် လွှတ်တော်ရဲ့ ဆန္ဒ ရယူ

ပါမယ်။ ဒီလို ဆန္ဒရယူရာမှာ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိတို့နေရာတွင် မတ်တတ်ရပ်ပြဖို့ ဖြစ်ပါတယ်။

အကယ်၍ မတ်တတ်ရပ်ပြသည့် လွှတ်တော်ကိုယ်စားလှယ်သည် (၄၀)ဦးနှင့်အထက်ဖြစ်လျှင် လက်ခံဆွေးနွေးရန် သဘောတူသည်ဟုလည်းကောင်း၊ (၄၀)ဦးမပြည့်လျှင် လက်ခံဆွေးနွေးရန် သဘောမတူဟုလည်းကောင်း လွှတ်တော်သို့ ကြေညာမှာ ဖြစ်ပါတယ်။

ဒါကြောင့် လက်ခံဆွေးနွေးရန် သဘောတူသော လွှတ်တော်ကိုယ်စားလှယ်များ မိမိတို့နေရာမှာ မတ်တတ်ရပ်ပြပါ။

အားလုံး ထိုင်နိုင်ပါပြီ။

မတ်တပ်ရပ်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ (၁၁၀)ရှိပါတယ်။ ဒါကြောင့်မို့လို့ မတ်တပ်ရပ်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ (၄၀)ဦးထက်ကျော်လွန်တဲ့အတွက် ဒေါက်တာတင်တင်ဝင်း ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် သဘောတူကြောင်း ကြေညာပါတယ်။

ဒေါက်တာတင်တင်ဝင်း ရဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် စတုတ္ထနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀:၅၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၉ ခုနှစ်၊ မေလ ၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၀:၅၄ နာရီအချိန်တွင် ရပ်နားပါသည်။]